ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့
ကျန်းမာရေးဝန်ကြီးဌာန
ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၂၄)
၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကြားကာလ ပြည်နယ်/ ဖက်ဒရယ် ယူနစ်များအတွင်းရှိ ဆေးရုံ/ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ဖော်ပြပါ တာဝန်များအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

**(က) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့မှ ဖေဖော်ဝါရီလ (၂၉) ရက်နေ့အတွင်း လျှောက်ထားရမည့် ရာထူးနေရာများ**

| စဉ် | တာဝန် | မှတ်ချက် |
|---|---|---|
| ၁။ | အထူးကုဆရာဝန်များ၊ ဆရာဝန်များ | မည်သည့်အထူးကုဘာသာရပ် အမျိုးအစားမဆို |
| ၂။ | သွားနှင့်ခံတွင်း အထူးကုဆရာဝန်များ၊ သွားနှင့်ခံတွင်း ဆရာဝန်များ | မည်သည့်အထူးကုဘာသာရပ် အမျိုးအစားမဆို |
| ၃။ | ဆေးနှင့် ဆေးနီးနွယ်ဆိုင်ရာ ဘွဲ့လွန်သင်တန်းသားများ | |
| ၄။ | အထူးပြုသူနာပြုများ၊ သူနာပြုများ | မည်သည့်အထူးပြုဘာသာရပ် အမျိုးအစားမဆို၊ မည်သည့်ရာထူးအမျိုးအစားမဆို |
| ၅။ | ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များမှ ဒီပလိုမာ/ ဘွဲ့ ရရှိသူများ | |
| ၆။ | ဆေးဝါးတက္ကသိုလ်များမှ ဘွဲ့ရရှိသူများ | |
| ၇။ | ဆေးနှင့် ဆေးနီးနွယ်ဆိုင်ရာ ဒီပလိုမာဘွဲ့ ရရှိသူများ | |

**(ခ) ၂၀၂၄ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှ မတ်လ (၁၅) ရက်နေ့အတွင်း လျှောက်ထားရမည့် ရာထူးနေရာများ**

| စဉ် | တာဝန် | မှတ်ချက် |
|---|---|---|
| ၁။ | ကျန်းမာရေးမှူးများ | မည်သည့်ရာထူးအမျိုးအစားမဆို |
| ၂။ | အမျိုးသမီးကျန်းမာရေးဆရာမများ (LHV) | |
| ၃။ | ပြည်သူ့ကျန်းမာရေးကြီးကြပ်-၁ များ | |
| ၄။ | သားဖွားဆရာမများ | |
| ၅။ | ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ များ | |
| ၆။ | တိုင်းရင်းဆေးပညာဆိုင်ရာ ဒီပလိုမာ/ဘွဲ့ ရရှိသူများ | |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံဖွား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက CDM ဝန်ထမ်း ဖြစ်ရမည်။ အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှု မရှိသူ ဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှု မရှိသူ ဖြစ်ရမည်။

(င) အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကြားကာလ ပြည်နယ်/ဖက်ဒရယ်ယူနစ်များက တာဝန်ချထားမည့် နေရာဒေသများသို့ သွားရောက်၍ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများအနေဖြင့် **"စာပိုဒ် ၁။ (က) နှင့် ၁။ (ခ)"** တို့တွင် ပါရှိသည့် ရာထူးနေရာများအလိုက် သတ်မှတ်ထားသော ရက်များအတွင်း **နေ့စဉ် ပိတ်ရက်မရှိ၊ နံနက် (၁၀) နာရီမှ ည (၈) နာရီအထိ** အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၏ **Telegram Account - https://t.me/HR_MOHNUG သို့မဟုတ် Telegram Username - @HR_MOHNUG** တွင် လျှောက်လွှာပုံစံများ ထုတ်ယူ၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၄။ ဝန်ထမ်းစိစစ်ရွေးချယ်ခန့်အပ်ရေးကော်မတီက အတည်ပြုရွေးချယ်ခြင်း ခံရသူများသည် တာဝန်ချထားမည့်နေရာများအတွက် လိုအပ်သည့် သင်တန်းများကို သတ်မှတ်အစီအစဉ်များအတိုင်း တက်ရောက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များ၏ အစီအစဉ်ဖြင့် ဒေသအသီးသီးသို့ တာဝန်ချထားမည်ဖြစ်ပါသည်။

၅။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကြားကာလ ပြည်နယ်/ ဖက်ဒရယ်ယူနစ်များတွင် တော်လှန်ရေးကာလနှင့် ကြားကာလ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးသူရဲကောင်းများအတွက် လက်ရှိကာလအတွင်း လူမှုဘဝလုံခြုံမှုနှင့် လုပ်ငန်းခွင်လုံခြုံမှုများကို ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်နိုင်ရန် အစီအစဉ်များ ချမှတ်ထားရှိပြီး တော်လှန်ရေးအလွန်ကာလတွင်လည်း ဘဝအာမခံချက်များနှင့် အထူးအခွင့်အရေးများကို ဖက်ဒရယ်ဒီမိုကရေစီမူဝါဒများနှင့်အညီ ပေးအပ်သွားမည်ဖြစ်ပါသည်။

၆။ ဝန်ကြီးဌာနသည် CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးအင်အားစုများနှင့် တော်လှန်ရေးကာလအတွင်း အခက်အခဲအမျိုးမျိုးကြား၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ ကျန်းမာရေးသူရဲကောင်းများအားလုံးကို အထူးအသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။